အကြည်တော်

# လူပျိုမှိုတက်



## အခန်း (၁)

ကိုယ်တိုင်ရေး အကျဉ်း

အမည်-စာရေးဆရာ

နေရပ်လိပ်စာ-ဗုဒ္ဓ

လူမျိုး-လူပျို

အလုပ်အကိုင်-ဘုန်းကြီးကျောင်း

အိမ်ထောင်ရေး-ရရစားစား

ပညာအရည်အချင်း-မမြင်အပ်သောနေရာ မှဲ့တစ်ရှိ

အရပ်၊ အရှည်-၅၉၅၀၁၅

ထင်ရှားသော အမှတ်အသား-အကြည်တော်

ဝါသနာ-အတိအကျမရှိ

ဆက်သွယ်ရန် ဖုန်း-၅ပေ ၁၀ လက်မ

မှတ်ချက်။။ ကွန်ပျူတာ၏ မှားယွင်းမှုသာ ဖြစ်သည် ။ ထို့ကြောင့် ယခုကဲ့သို့ ပြင်ဆင်ဖတ်ရှုပေးပါရန်။

ကိုယ်တိုင်ရေး အကျဉ်း

အမည်-လူပျို

နေရပ်လိပ်စာ-အကြည်တော်

လူမျိုး-ရရစားစား

အလုပ်အကိုင်-အတိအကျမရှိ

အိမ်ထောင်ရေး-မမြင်အပ်သောနေရာမှဲ့တစ်ရှိ

ပညာအရည်အချင်း- ၅ပေ ၁၀ လက်မ

အရပ်၊ အရှည်-၅၉၅ဝ၁၅

ထင်ရှားသော အမှတ်အသား-စာရေးဆရာ

ဝါသနာ-၅၉၅ဝ၁၅

ဆက်သွယ်ရန် ဖုန်း-ဘုန်းကြီးကျောင်း

ကျေးဇူးရှင် ပရိသတ်များ ခင်ဗျား၊ ဒါလဲ စာစီမှားပါ၍ ထပ်မံ၍ အနူး အညွတ် တောင်းပန်အပ်ပါသည် ။

အဖြစ်မှန်က ဤသို့ပါ။

ကိုယ်တိုင်ရေး အကျဉ်း

အမည်-ဘုန်းကြီးကျောင်း

နေရပ်လိပ်စာ-၅၉၅ဝ၁၅

လူမျိုး-၅ပေ ၁ဝလက်မ

အလုပ်အကိုင်-ရရစားစား

အိမ်ထောင်ရေး-အတိအကျမရှိ

ပညာအရည်အချင်း-အကြည်တော်

အရပ်၊ အရှည်-စာရေးဆရာ

ထင်ရှားသော အမှတ်အသား-လူပျို

ဝါသနာ-မမြင်အပ်သောနေရာ မှဲ့တစ်ရှိ

ဆက်သွယ်ရန် ဖုန်း-ဗုဒ္ဓ

မိဘပြည်သူများ ခင်ဗျား၊ စာစီနေရာလွဲသည့်အတွက် အောက်ပါအတိုင်း ပြန်လည်ဖြည့်စွက်ဖတ်ရှုပေးပါ။

ကိုယ်တိုင်ရေး အကျဉ်း

အမည်-အတိအကျမရှိ

နေရပ်လိပ်စာ-ဘုန်းကြီးကျောင်း

လူမျိုး-စာရေးဆရာ

အလုပ်အကိုင်-၅၉၅၀၁၅

အိမ်ထောင်ရေး-၅ပေ ၁၀လက်မ

ပညာအရည်အချင်း- ဗုဒ္ဓ

အရပ်၊ အရှည်-မမြင်အပ်သောနေရာ မှဲ့တစ်ရှိ

ထင်ရှားသော အမှတ်အသား-ရရစားစား

ဝါသနာ-လူပျို

ဆက်သွယ်ရန် ဖုန်း-အကြည်တော်

"ကိုယ့်ရဲ့ ကိုယ်ရေးအကျဉ်းကိုတောင် မှန်အောင်မရေးနိုင်တဲ့ သူကမိန်းမယူချင်သတဲ့ "

သန်းဇော်စကား။ ဒါကို ကျွန်တော်က

"ဒါကကွာ၊ သူများကျောင်းနေချိန်မှာ ကျောင်းနေခဲ့တယ်။ သူများ ရှင်ပြုချိန်ကျလဲ မပျက်မကွက် ပြုခဲ့တယ်၊ အဲ သူများ အိမ်ထောင်ပြုချိန်ကျတော့လဲ ကိုယ်လဲ အိမ်ထောင်ပြုချင်တာ ဘာဆန်းလို့ လဲ"

ကျွန်တော့်စကားကို မီးဖိုဘေး မီးမွှေးနေသော ချက်ဖောင်းက

"ဒါဆို ရှာလေရှာ၊ ရှာရင်ရပါတယ်၊ ကိုယ်တိုင်က ဒီနေ့ ဝက်သားဟင်းစားချင်၊ နောက်နေ့ကျတော့ ချဉ်ပေါင်ဟင်းဖြစ်ပြန်၊ နောက်တစ်နေ့ကျတော့ ပဲကုလားဟင်း၊ ဒီလိုပဲ လိုက်ပြောင်းနေရင် ကြာရင် ငါးပိထောင်းတောင် ရမှာ မဟုတ်ဘူး "

ကျွန်တော်ပြုံးလိုက်မိသည် ။ မိန်းကလေးများ အပေါ် စိတ်အပြောင်းအလဲ မြန်လှသော ကျွန်တော့်ကို ပြောနေခြင်း ဖြစ်၏။ မရလို့ လား မသိ ။ ကျွန်တော့်တွင် အချစ်တွေ အတည်တကျမရှိ။ ကိုယ်က ကြံမယ်လုပ်လိုက် ပါသွားလိုက် ဖြစ်နေတာကြောင့်လဲ အပြောင်းအလဲများ နေခြင်းပဲ ဖြစ်နိုင်သည် ။ ယခုတော့ ထိုသို့မဟုတ်။ အဟုတ်ကို တွေ့ထားပြီးပြီ။

"အခုဟာက အတည်"

အားလုံး ခေါင်းထောင်ကုန်ကြ၏။

"အတည်လို့ ပြောပြီး ပြီးရင် အဖျားရှူးပြီး အရင်းတုတ်တာသာ အဖတ်တင်တယ် မဟုတ်လား"

မျက်နှာရှုံ့ကြီး

တစ်မနှင့်

တစ်နေ့ကို မီးဆိုက်ထင်း

ငါးဆယ်ဖိုးလောက်

ဝယ်ပြီး

ပရောပရီ လုပ်နေတာ

သူသိမှာ ပေါ့။

"တောက်"

ဒါကတော့ တဆိတ်လွန်လွန်းသွားပြီ။ ကောင်မလေးတွေက လွန်တာလား။ ဒီကောင်တွေကပဲ အစွမ်းအစနည်းသော ကျွန်တော့်အကြောင်းသိလို့ စော်ကားနေတာလား မသိနိုင်တော့။

ကျွန်တော် စိတ်ဆိုးသွားသည် ကို သိသော ချက်ဖောင်းက

"မင်းတို့ ကလဲကွာ ကိုကြည့်ကို အဲသလို မပြောပါနဲ့ ၊ ကိုကြည်က အလကားကောင် မဟုတ်ပါဘူး၊ အဖိုးတန်ပါတယ်"

"ဘယ်လိုအဖိုးတန်တာလဲ"

သန်းဇော်က မေးသည် ။ ဒါကို ချက်ဖောင်းက ရှင်းပြ၏။

"ကိုကြည်က ကျွန်းပင်လို အဖိုးတန်တာ"

ကျွန်တော် ကော်လံထောင်မိမတတ် ဖြစ်သွား၏။ ချက်ဖောင်းမှ ပင်ဆက်၍

"ဟုတ်တယ်ကွ၊ ကိုကြည်လိုလူမျိုးက ကျွန်းပင်လိုပဲ မွေးထားသင့်တယ်၊ ကျွန်းပင်လိုပဲ ကြာလေတန်ဖိုးရှိလေ ဖြစ်မှာ ၊ နှစ်ရှည်ပင်လေ"

မှန်ပေသည် ။ ကျွန်တော်က ကျွန်းပင်လို ကြာလေ တန်ဖိုးရှိလေ ဖြစ်မည်မှန်း ကိုယ့်ကိုကိုယ်သိသည် ။ ဒါကို ချက်ဖောင်းက ဆက်၍

"အဲ တစ်ခုတော့ ရှိတာပေ့ါလေ"

"ဘာလဲ"

ငတွတ်က မေးသည် ။

"နှစ်ရှည်ပင်တို့ ရဲ့ ထုံးစံအတိုင်း သူတန်ဖိုးရှိချိန်၊ မင်းတို့ တစ်သက် မီချင်မှ မီမှာ ပေ့ါ"

"အိုကွာ၊ တို့ မမီလဲ နောင်လာနောက်သားစားရင်တော်ပါပြီ"

"အဲဒီအချိန်ကျ အစိုးရက သိမ်းချင်သိမ်းဦးမှာ "

ဩော် ကိုယ့်မှာ တော့ နှစ်ရှည်ပင်ဖြစ်ပါလျက် ဘယ်ကမှ ဘယ်တော့မှ အသုံးမဝင်မှန်း သိလိုက်ရသည် ။ သို့သော် အားပြန်တင်းရင်း

"မင်းတို့ က ငါ့ကို ဒီအသက်အရွယ်ထိ ရည်းစားမရသေးလို့ နှိမ်တာ လား"

"နှိမ်တာ မဟုတ်ဘူး ၊ အဖက်ကိုမလုပ်တာ"

ငတွတ်က ဝင်ထောက်သည် ။ ကျွန်တော်လဲ တင်းသွားပြီး

"ရည်းစားများကွာ၊ မလိုချင်လို့ ပါ။ လိုချင်ရင် အလွယ်လေး"

"ရှာပတ်ရှာတာတောင် ခါထွက်လာတဲ့ ဟာကို"

"လုပ်စမ်းပါ၊ လုပ်ပြလိုက်စမ်းပါ"

အားလုံးက မြှောက်ပေး၏။ ကျွန်တော်လဲ မာန်တက်ပြီး

"အေး မင်းတို့ ကြည့်နေ၊ ငါတစ်ပတ်အတွင်း ရည်းစားရကို ရရစေ့မယ်"

အားလုံး စိတ်ဝင်စားသွားကြ၏။

“ခွင်တွေ့နေပြီထင်တယ်”

“ဘယ်သူလဲ၊ ဘယ်ကလဲ၊ ရုပ်ဆိုးလား၊ မုဆိုးမလား”

တစ်ယောက်တစ်ပေါက် မေးကြသည် ။

“ဘယ်ကလာ အပျိုလေး၊ ချောချောလေး”

“ဘယ်ကလဲ၊ ဘယ်သူလဲ”

“လမ်းထိပ်စျေးဆိုင်က ဖြူဖြူအောင်လေ”

“ဟယ်”

ကျွန်တော်ပြောပြလိုက်တော့ အံ့အားသင့်ကုန်၏။

လမ်းထိပ်ကုန်စုံဆိုင်မှ ဖြူဖြူအောင်ဆိုသည် မှာ နာမည်နဲ့ လိုက်အောင် ဖြူဖြူချောချောလေး။ သွက်လက်ချက်ချာပြီး ချစ်ခင်သူ ပေါများသူ။

ဒါလေးကို ကျွန်တော်တက်ချိန်ပြီဆိုတော့ အားလုံးအံ့အားသင့်ကုန်၏။ ဖြစ်လဲ ဖြစ်ချင်စရာ။ ကောင်မလေးက ကျွန်တော်တို့ တစ်ဖွဲ့လုံးကို အဖက်မျှပင်မလုပ်တာ။

အဖက်လဲလုပ်စရာကိုး။ မျက်နှာရှုံ့ကြီးတစ်မနှင့် တစ်နေ့ကို မီးဆိုက်ထင်းငါးဆယ် ဖိုးလောက်ဝယ်ပြီး ပရောပရီ လုပ်နေတာ သူသိမှာ ပေါ့။

“ခင်ဗျား၊ ခင်ဗျားက သူ့ကို ဘယ်လိုလိုက်မလို့ လဲ”

သန်းဇော်အမေးကြောင့် ကျွန်တော်ပြုံးလိုက်မိသည် ။ သူတို့ ကလဲ ဒီကောင်မလေးကို လိုက်ချင်နေကြသည် ကိုး။

“လွယ်လွယ်လေး၊ အဝင်အထွက်လမ်းတွေ ငါအကုန်သိပြီးသား”

"ညအမှောင် အိမ်သာထောင့်မှာ စောင့်ပြီး မုဒိန်း"

"ဖြစ်စရာလား၊ ငါ အဝင်အထွက်တွေ သိထားပြီဆိုတာ ဒီလိုကွ၊ ဖြူဖြူအောင်က နေ့ခင်းဈေးကွဲရင် သူတို့ ဆိုင်အတွက် လိုအပ်တာဝယ်ဖို့ သိမ်ကြီးဈေးကို သွားနေကျကွ၊ ဈေးသွားရင် အထုပ်ဆွဲဖို့ လူမလိုဘူး လား၊ ပိုက်ဆံမပေးရပါဘူးဆိုပြီး ခပ်တည်တည်ကြောင်းကြည့်တော့ သူ က လိုက်ချင်လိုက်ပေ့ါတဲ့ "

"ဟယ်"

အားလုံးထံမှ အာမေဍိတ်သံ ပေါ်လာ၏။ ပြီးနောက် ပြူးကြောင်ကြောင်နှင့် ကျွန်တော့်ကို ကြည့်သည် ။ သူတို့ စိတ်ထဲ၌ မျက်နှာပြောင်တိုက်ရဲသော ကျွန်တော့်ကို အံ့အားသင့်နေတာလား။ ဒါမှ မဟုတ် ခြေလှမ်းသွက်သော ကျွန်တော့်ကို မတန်မရာ တက်ကိုင်သည် ဆိုပြီး ရွံရှာသွားသည် လားတော့ မသိ။ အားလုံးကတော့ ပါးစပ်အဟောင်း သား။

"ဟဲဟဲ မင်းတို့ လေ့လာမှု၊ မျက်နှာပြောင်တိုက်မှုက ငါ့ရဲ့ ခြေဖဝါး အောက်က မြူမှုန်လောက်တောင် မရှိသေးပါဘူး။ ဟဲဟဲ၊ မကြာခင် ငါ အဲဒီကောင်မလေးနဲ့ နှစ်ပြားဂဟေဆော်၊ အဲလေ နှစ်ပြားဂဟေဆက် ဟုတ်ပေါင် ဂဟေနှစ်ခါဆော် အာ ရောကုန်ပြီ၊ ဘာလဲ အေး အဲလိုဖြစ်မှ အားကျစိတ်နဲ့ ငေးမနေကြနဲ့ ၊ ငါ အနေခက်တယ်၊ ဟဲဟဲ"

ခပ်ကျောကျောပြောပြီး လူပျင်းတို့ ၏ ထုံးစံအတိုင်းလွတ်ရာနေရာ၌ ဘုန်းခနဲလှဲပြီး စိတ်ကူးတွေ ယဉ်နေလိုက်တော့သည် ။

"အင်း ဒီကိစ္စသာ မတော်တဆ အထမြောက်ရင် ဒီကောင်တွေတော့ အံ့သြကျောတွေ တက်ပြီးသေပြီ"

စိတ်ကူးတွေထဲမှာ တော့ အဆင်တွေပြေလို့ ၊ ဖြူဖြူအောင်က ဆွဲခြင်းလေးဆွဲ၊ ကျွန်တော်က ပိုက်ဆံအိတ်ကလေးကိုင်လို့ ၊ ပတ်ဝန်းကျင်ကိုတောင် ဖိုးကဒ်မပြတ်ပဲ ထားလိုက်သည် ။ ကျွန်တော်တို့ နှစ်ယောက်တည်း လင်းလို့ ။

*